မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

September 5, 2025 Volume 94, Number 5

### ၅. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၃.၅၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၀၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၈.၇၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၄.၃၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၂၄ ကျပ် |

## ဩဂုတ်လတွင် ဆန်တင်ပို့မှုမှ ကန်ဒေါ်လာ ၆၅ သန်း ရရှိ




ပြီးခဲ့တဲ့ ဩဂုတ်လက ပြည်ပကို ဆန်နဲ့ဆန်ကွဲတင်ပို့မှု တန်ချိန် နှစ်သိန်းနီးပါး ရှိပြီး ပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ ၆၅ သန်းရရှိခဲ့တယ်လို့မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)က လစဉ်ထုတ်ပြန်တဲ့ စာရင်းတွေအရ သိရ ပါတယ်။

အခုဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်နဲ့ဆန်ကွဲ တင်ပို့မှုအနေနဲ့ ဧပြီလမှာ တန်ချိန် ၁ သိန်း ၄ သောင်းကျော်၊ မေလမှာ တန်ချိန် ၂ သိန်းခွဲကျော်၊ ဇွန်လမှာ တန်ချိန် ၂ သိန်း ၁ သောင်းကျော်၊ ဇူလိုင်လမှာ တန်ချိန် ၂ သိန်း ၃ သောင်းကျော်နဲ့ ဩဂုတ်လမှာ တန်ချိန် နှစ်သိန်းနီးပါး တင်ပို့ထားတာဖြစ်ပါတယ်။ဆန်နဲ့ဆန်ကွဲတွေကို ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေ တင်ပို့ခဲ့တာဖြစ်ပြီး ပင်လယ်ရေကြောင်း ကုန်သွယ်မှုက အများဆုံးဖြစ်ပါတယ်။

အခုဘဏ္ဍာနှစ် ၅ လအတွင်း ပြည်ပကို ဆန်နဲ့ဆန်ကွဲတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅၅ သန်း ရရှိထားတယ်လို့လည်း MRF ရဲ့ စာရင်းတွေအရ သိရ ပါတယ်။

တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ ပိုလန်၊ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ ဆီနီဂေါ၊ နယ်သာလန်နဲ့ ဗြိတိန် စတဲ့ နိုင်ငံတွေကို ဆန်နဲ့ဆန်ကွဲတွေ အများဆုံး တင်ပို့နေတာပါ။ အခုဘဏ္ဍာနှစ်မှာတော့ ပြည်ပကို ဆန်နဲ့ဆန်ကွဲတန်ချိန် ၃ သန်း တင်ပို့နိုင်ဖို့ လျာထားပြီး ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ကတော့ ဆန်နဲ့ဆန်ကွဲတန်ချိန် ၂ ဒသမ ၄၈ သန်းကျော် တင်ပို့ခဲ့ကာ ပို့ကုန် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၉ ဘီလီယံ ရရှိခဲ့ပါတယ်။

**Source :** https://onenewstvchannel.com/

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ထိုင်းပို့ကုန်များ လမ်းကြောင်းပြောင်းပို့ရန် မြန်မာ အကြံပြု




မြန်မာ-ထိုင်းနယ်စပ် တာ့ခ်ီလိတ်ရိုင် မဲဆောက်စစ်ဆေးရေးဂိတ်မှာ တင်းကျပ်တဲ့ သွင်းကုန်ထိန်းချုပ်မှုတွေကြောင့် ထိုင်းပို့ကုန်လုပ်ငန်းတွေအနေနဲ့ ရနောင်းနဲ့ မယ်ဆိုင်စစ်ဆေးရေးဂိတ်တွေကနေ လမ်းကြောင်းပြောင်းတင်ပို့ဖို့ မြန်မာအစိုးရ အကြံပြုထားတယ်လို့ ဗန်ကောက်ပို့စ်သတင်းမှာ ဖော်ပြပါတယ်။

မြန်မာအစိုးရဲ့ သွင်းကုန်လိုင်စင်နဲ့ ပတ်သက်တဲ့ အကောင်အထည်ဖော်မှု ဖြေလျှော့နိုင်ဖို့အတွက် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးနဲ့ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွေက ကိုယ်စားလှယ်တွေ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂)ကို အသုံးပြုဖို့ စီစဉ်နေတဲ့ ထိုင်းပို့ကုန်လုပ်ငန်းရှင်တွေကို မြန်မာ အာဏာပိုင်တွေက ရနောင်း-ကော့သောင်းရေကြောင်းလမ်းနဲ့ မယ်ဆိုင်-တာချီလိတ်နယ်စပ်ဂိတ်တွေကတစ်ဆင့် တင်ပို့ဖို့ အကြံပြုထားတယ်လို့ ထိုင်းနိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အာရာဒါ ဖူတုံ (Arada Fuangtong)က ပြောပါတယ်။

မြဝတီ-မဲဆောက်နယ်စပ်နဲ့ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂)ကို ဩဂုတ် ၁၈ ရက်ကစတင် ပိတ်လိုက်တာကြောင့် မြန်မာနိုင်ငံကိုတင်ပို့မယ့် ထိုင်းပို့ကုန်တွေ ထိခိုက်ခဲ့တယ်လို့ သိရပါတယ်။

ပို့ကုန်ဝင်ငွေနည်းဥပဒေတွေကို ပြန်လည်အကဲဖြတ်ဖို့ ထိုင်းနိုင်ငံရဲ့အဆိုပြုချက်ကို မြန်မာအစိုးရ ကိုယ်စားလှယ်က လက်ခံခဲ့ပြီး အဲဒီကိစ္စကို မြန်မာအစိုးရနဲ့ ဆွေးနွေးထားတယ်လို့ ဆိုပါတယ်။

အခုနှစ် ပထမခြောက်လအတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှု စုစုပေါင်း ဘတ်ငွေ ၁၀၅ ဒသမ ၁ ဘီလီယံ ရှိခဲ့ပြီး ပြီးခဲ့တဲ့နှစ်ကာလတူထက် ၂၄ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သလို ထိုင်း-မြန်မာနယ်စပ် တာ့ခ်ီလိတ်ရိုင် မဲဆောက်စစ် ဆေးရေးဂိတ်ကနေ ကုန်သွယ်မှုတန်ဖိုးက ထိုင်းဘတ်ငွေ ၄၅ ဒသမ ၅ ဘီလီယံရှိပြီး ပြီးခဲ့တဲ့နှစ် ကာလတူထက် ၉ ဒသမ ၇၁ ရာခိုင်နှုန်း ကျဆင်းတယ်လို့ ထိုင်းနိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ငပုတောမြို့နယ်မှ ထွက်ရှိသော ခရမ်းသီးများ ဒေသတွင်းဈေးကွက်၌ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင် ငပုတောမြို့နယ်မှထွက်ရှိသော ခရမ်းသီးများ ဒေသတွင်းဈေးကွက်၌ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ်၌ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ် ဩဂုတ်လနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ ခရမ်းသီးများ ဝယ်လိုအားကောင်းကာ အရောင်းအဝယ်ကောင်းမွန်နေပြီး တစ်ရက်လျှင် ခရမ်းသီး အလုံး ၄၀,၀၀၀ မှ ၅၅,၀၀၀ အထိ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

"ငပုတောမြို့နယ်ကထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေ အဝယ်များနေတာဖြစ်ပါတယ်။ငပုတောမြို့နယ်ကနေ တခြားဒေသတွေဆီတစ်ရက်ကိုခရမ်းသီးအလုံး ၄၀,၀၀၀ ကနေ ၅၅,၀၀၀

အထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေကပိုးမွှားကင်းရှင်းပြီးအရည်အသွေးကောင်းမွန်ပါတယ်။

ဒီနှစ်ခရမ်းသီးတွေက အရည်အသွေးကောင်းမွန်သလို အထွက်နှုန်းလည်းကောင်းမွန်ပါတယ်။လက်ရှိ ခရမ်းအဝိုင်းသီးရော အရှည်သီးပါအရောင်းအဝယ်ကောင်းမွန်နေတာဖြစ်ပါတယ်။ဒေသထွက်ခရမ်းသီးတွေ အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးသူတွေ စီးပွားရေးအဆင်ပြေလာပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါဒေသထွက် ခရမ်းသီးအပါအဝင် တခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက်အပြင် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့သို့လည်း တင်ပို့ရောင်းချကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ကြက်သွန်နီ ဈေးကွက်အခြေအနေ



စက်တင်ဘာလပထမပတ်တွင် မန္တလေးကြက်သွန်နီဈေးကွက်အခြေအနေမှာလက်ကျန်များနေပြီးဈေးငြိမ်ကာအရောင်းအဝယ်ပုံမှန်ရှိနေကြောင်းသိရသည်။

မန္တလေးဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ်တွင် လက်ကားဈေး ၁၃၀၀ ကျပ်မှ ၁၈၀၀ ကျပ်၊ လက်လီဈေး ၁၅၀၀ ကျပ် မှ ၂၀၀၀ ကျပ်ဖြစ်သည်။

ကျောက်ဆည်ဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ်တွင် လက်ကားဈေး တစ်ပိဿာလျှင် ၁၄၀၀ ကျပ် မှ ၁၈၀၀ ကျပ်၊ လက်လီဈေး ၁၅၀၀ ကျပ် မှ ၁၉၀၀ ကျပ် ဖြစ်သည်။

မြင်းခြံဈေးကွက်သို့ ကြက်သွန်နီကို ကုန်းစိုက်နှင့်ချောင်းစိုက်နှစ်မျိုး ဝင်ရောက်လျက်ရှိပြီး ကုန်းစိုက်ကြက်သွန်နီမှာ ချောင်းစိုက်ကြက်သွန်နီထက် အရည်အသွေးကောင်းပြီး တာရှည်အထားခံ သည့်အတွက် ဈေးကောင်းရရှိကြောင်း၊ ယခုတစ်ပတ်အတွင်း ကြက်သွန်နီ ကုန်ချိန်ပိဿာ ၅၀၀၀၀ မှ ၇၀၀၀၀ခန့် ဝင်ရောက်ရောင်းဝယ်မှုရှိပြီး၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ကြီးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကာ၊ လက်ကားဈေး ၅၀၀ ကျပ်မှ ၁၃၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source :** https://myantrade.gov.mm/

## ပခုက္ကူမြို့ရှိ ဝါဈေးနှုန်းဈေးကွက်အခြေအနေ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ဝါသီးနှံကို ကံတော်၊ ကံလှ၊ ကံတိန်၊ ကံရက်၊ ကံမြင့်ကုန်း၊ မြိုင်နှင့် ရေစကြိုမြို့နယ်အတွင်းရှိကျေးရွာများတွင် အဓိကစိုက်ပျိုးကြသည်။

ထွက်ရှိသော ဝါများကို ပခုက္ကူမြို့ပေါ်သို့ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပခုက္ကူမြို့ ဝါစိုက်ဧကမှာယခင်က ၅၀၀၀ မှ ၆၀၀၀ ရှိခဲ့ပြီး ယခုအခါတွင် စိုက်ဧက ၂၅၀၀ ဝန်းကျင်ခန့်သာ စိုက်ပျိုးကြောင်း သိရသည်။

ဝါစိုက်ပျိုးရာတွင်အဓိကချည်မျှင်ရှည်ဝါနှင့်ချည်မျှင်တိုဝါများကိုစိုက်ပျိုးကြသည်။ဝါစတင်ပေါ်စတွင်အစေ့ပါတစ်ပိဿာလျှင် ကျပ်၃၈၀၀ ဖြစ်ခဲ့ပြီး တစ်နေ့လျှင် ကုန်ချိန် ၃၀ မှ ၅၀ ထိဝင်ရောက်လျက်ရှိကြောင်း ဝါကုန်သည်များထံက သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ပခုက္ကူမြို့နယ်မှထွက်ရှိသော ဝါများကို မန္တလေးတိုင်းဒေသကြီးနှင့် သရက်၊အောင်လံခရိုင်များသို့လည်း တင်ပို့ရောင်းဝယ်လျက်ရှိသည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ အစောပိုင်းတွင် ဝါဝင်ရောက်မှုမှာအလွန်နည်းပါးကြောင်း၊ ဈေးနှုန်းအနေဖြင့် ချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ကျပ် ၃၇၀၀-၃၈၀၀ ၊ ချည်မျှင်တိုဝါ တစ်ပိဿာ လျှင်ကျပ် ၃၅၀၀၊ ဝါကြိတ်ဖတ် တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ ဝါစေ့တစ်ပိဿာလျှင် ကျပ်၂၅၀၀၊ ဝါစေ့ဆီ တစ်ပိဿာလျှင် ကျပ် ၁၅,၀၀၀ဈေးဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်ဇွန်လ (ပထမပတ်)နှင့်ဈေးနှုန်းနှိုင်းယှဉ်ပါက ဝါဂွမ်း တစ်ပိဿာလျှင် ကျပ်၃၀၀ခန့်၊ ဝါစေ့ဆီ တစ်ပိဿာလျှင် ကျပ်၂၀၀ ခန့် ဈေးတက်ပြီး အရောင်း အဝယ်ဖြစ်ကြောင်း၊ “ဝါ”ဝင်ရောက်မှုမှာနည်းပါးနေကြောင်း “ဝါ”ကုန်သည်များထံက သိရသည်။

**Source : DOCA** (မကွေး)

https://www.doca.gov.mm/

## ရုရှားနိုင်ငံ၏ ကောက်ပဲသီးနှံရိတ်သိမ်းနိုင်မှု ယခုနှစ်တွင် တန်ချိန် ၁၃၅ သန်း ရရှိရန်ခန့်မှန်း

ရုရှားနိုင်ငံသည် ယခုနှစ်အစပိုင်းမှစတင်၍ ကောက်ပဲသီးနှံရိတ်သိမ်းမှုသည် ဂျုံတန်ချိန် ၆၄ သန်းကျော်အပါအဝင် တန်ချိန် ၈၅ သန်းကျော်ရရှိထားပြီး ယခုနှစ်ကုန်တွင် ရိတ်သိမ်းနိုင်မှုခန့်မှန်းချက်မှာ တန်ချိန် ၁၃၅ သန်းရှိမည်ဟု ဒုတိယဝန်ကြီးချုပ် Mr. Dmitry Patrushev က ပြောကြားခဲ့သည်။

ရုရှားလယ်သမားများသည် ယနေ့အထိ ကောက်ပဲသီးနှံတန်ချိန် ၈၅ သန်းကျော်ရိတ်သိမ်းထားပြီး ယင်းတို့အနက် ဂျုံသည် ၆၄ သန်းကျော်ပါဝင်ကြောင်း၊ယင်းပမာဏသည် ပြည်တွင်းလိုအပ်ချက်ကိုအပြည့်အဝဖြည့်ဆည်းပေးနိုင်ကြောင်း ဒုတိယဝန်ကြီးချုပ် က စိုက်ပျိုးရေးဆိုင်ရာ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် နိုင်ငံ၏ကောက်ပဲသီးနှံရိတ်သိမ်းနိုင်မှုသည် ဂျုံတန်ချိန် ၈၈-၉၀ သန်းအပါအဝင် စုစုပေါင်းတန်ချိန် ၁၃၅ သန်းခန့်ရောက်ရှိရန် မျှော်လင့်ထားကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီး Ms. Oksana Lut က အစောပိုင်းတွင် ပြောကြားခဲ့သည်။

၂၀၂၄-၂၀၂၅ စိုက်ပျိုးရေးနှစ်တွင် ရုရှားနိုင်ငံသည် ကောက်ပဲသီးနှံတန်ချိန် ၅၃ သန်းတင်ပို့ခဲ့ပြီး ယင်းတို့အနက် ဂျုံတန်ချိန် ၄၄ သန်းပါဝင်ကြောင်း၊ ရုရှားသည် ကမ္ဘာ့ဂျုံဈေးကွက်တွင် ဦးဆောင်နေရာ၌ ဆက်လက်ရှိနေကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

လက်ရှိတွင် ရုရှားသည် နိုင်ငံပေါင်း ၁၀၈ နိုင်ငံသို့ ကောက်ပဲသီးနှံများတင်ပို့လျက်ရှိပြီး ယင်းတို့ အနက် နိုင်ငံ ၇၀ သည် ရုရှားဂျုံကို တင်သွင်းကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ရုရှား၏ ကောက်ပဲသီးနှံစုစုပေါင်းရိတ်သိမ်းမှုမှာ တန်ချိန် ၁၃၀ သန်းနီးပါးရှိခဲ့ပြီး ယင်းတို့အနက် ဂျုံတန်ချိန် ၈၂ သန်းကျော်ပါဝင်ကြောင်း ရုရှားဖက်ဒရယ်စာရင်းအင်းဝန်ဆောင်မှုဌာန၏ အချက်အလက်များအရ သိရသည်။

**Source : https://www.interfax.ru/russia/1043536**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## ရုရှားမှ တရုတ်သို့ ရေနံတင်ပို့မှု ၇ လအတွင်း ၇ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ရုရှားနိုင်ငံမှ တရုတ်နိုင်ငံ ရေနံတင်ပို့မှုပမာဏသည် တန်ချိန် ၅၇ ဒသမ ၇၁ သန်းရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တရုတ်အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

GACC ၏ဖော်ပြထားသည့်အချက်အလက်များအရ အဆိုပါကာလအတွင်း ရုရှားမှတရုတ်သို့ ရေနံတင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄၈ ဘီလီယံရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလထက် ၂၁ ဒသမ ၃ ရာခိုင်နှုန်းလျော့နည်းခဲ့သည်။

ရုရှားသည် တရုတ်နိုင်ငံသို့ မဟာဗျူဟာမြောက်အရင်းအမြစ်ကို အဓိကပို့ကုန်တင်ပို့သည့် နိုင်ငံအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။

ဇူလိုင်လတွင် ရုရှားသည် တရုတ်နိုင်ငံသို့ ရေနံတင်ပို့မှုတန်ချိန် ၈ ဒသမ ၇ သန်းရှိခဲ့ပြီး၊ ဇွန်လထက် ၄ ဒသမ ၂ ရာခိုင်နှုန်းပိုမိုများပြားခဲ့သည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၁ ဘီလီယံ ရှိခဲ့ပြီး ယခင်လထက် ၉ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ဇန်နဝါရီလမှ ဇူလိုင်လအထိ ၇ လတာကာလအတွင်း ရုရှားမှ တရုတ်သို့ သဘာဝ ဓာတ်ငွေ့ရည်(LNG)တင်ပို့မှုသည် တန်ချိန် ၃ ဒသမ ၃၈ သန်းရှိခဲ့ပြီး၊ တန်ဖိုးအားဖြင့် ၁ ဒသမ ၉၈ ဘီလီယံရှိကာ ၁၈ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း GACC ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ရုရှားမှ တရုတ်သို့ ရေနံတင်ပို့မှုပမာဏမှာ တန်ချိန် ၁၀၈ ဒသမ ၄၇ သန်းရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် LNG တင်ပို့မှုမှာ တန်ချိန် ၈ ဒသမ ၃ သန်းရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၃ ဒသမ ၃ ရာခိုင်နှုန်းပိုများကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၁၁ ဘီလီယံရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၈၁ ဘီလီယံထိတိုးတက်ခဲ့သည်။

**Source : https://tass.ru/ekonomika/24825727**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## တရုတ်နိုင်ငံမှ အစားအစာပို့ဆောင်ရေး Keeta ကို ကာတာနိုင်ငံတွင်ဖွင့်လှစ်




တရုတ်နိုင်ငံမှ အော်ဒါမှာယူသည်များကို ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုကုမ္ပဏီ Meituan ၏ နိုင်ငံတကာလုပ်ငန်းခွဲဖြစ်သည့် Keeta သည်ကာတာနိုင်ငံတွင် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း ဩဂုတ်လ ၁၉ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

၎င်းသည် ကမ္ဘာလုံးဆိုင်ရာ တိုးချဲ့ရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပင်လယ်ကွေ့နိုင်ငံသို့ ကုမ္ပဏီဝင်ရောက်ခြင်းကို ဖော်ပြခဲ့သည်။

ကာတာနိုင်ငံရှိ Keetaကုမ္ပဏီ၏ အထွေထွေမန်နေဂျာ Jane Liu က ကုမ္ပဏီသည် လွယ်ကူ မြန်ဆန်ပြီး ယုံကြည်စိတ်ချရစွာပို့ဆောင်ပေးခြင်းဖြင့် ကာတာ၏ရည်မှန်းချက် ၂၀၃၀ ကို ပံ့ပိုးရန် ကြိုးစားနေသည်။ ဒေသတွင်းစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းလျက် ဖောက်သည်များ ပိုမိုရရှိလာအောင် လုပ်ဆောင်နေပါသည်။

ကာတာနိုင်ငံသည် တက်ကြွသော အစားအစာယဉ်ကျေးမှုကြောင့်သာမက ဒီဂျစ်တယ် ဆန်းသစ်ပြောင်းလဲမှုနှင့် အဆင်ပြေစေရန် မျှော်မှန်းချက်ကြောင့် အရေးကြီးသော ဈေးကွက်တစ်ခုဖြစ်ကြောင်း Liu ကပြောကြားခဲ့သည်။

အစားအစာများ ဝန်ဆောင်မှုပေးရုံသာမက ကာတာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးကိုလည်း ထောက်ပံ့ပေးနိုင်ရန်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

Meituan ရဲ့ အဆိုအရ ၎င်း၏ နည်းပညာသည် နေ့စဉ်အများဆုံး အော်ဒါ ၁၅၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ပြီး ကမ္ဘာတစ်ဝှန်း ရှိ သုံးစွဲသူသန်း ၇၇၀ကျော်ကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**Source: Xinhua**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (5.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,308 (Shares) | 16,968,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +300 | +4.11% | 7,300 | 7,600 | 7,200 | 1,603 | 11,850,100 | 33,109,694 | 251,634 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,000 | 992 | 3,001,700 | 38,929,150 | 120,680 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 90 | 666,000 | 10,400,986 | 76,967 |
| FPB | 00004 | 2,000 | +50 | +2.56% | 2,000 | 2,000 | 2,000 | 303 | 606,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 120 | 312,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,900 | 1,850 | 87 | 162,150 | 19,977,223 | 36,958 |
| AMATA | 00007 | 3,250 | -50 | -1.52% | 3,250 | 3,250 | 3,250 | 43 | 139,750 | 10,497,598 | 34,117 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 70 | 231,000 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 5th Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.66 | +5.78 | +1.60% | 359.85 | 366.66 | 358.60 | 3,308 | 16,968,700 | 8 | 691,581 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:00 am, 8th Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,107 (Shares) | 5,032,600 (MMK) |

| MYANPIX | 371.92 ▲ 5.26 |
|---|---|
| Total Volume (shares) | 2,107 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 701,514 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▲ 300 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,250 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |